EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၅
မတ် ၂၆ ရက်၊ ၂၀၁၉

## ဝန်ကြီးဦးမြင့်မောင်ကို တနင်္သာရီတိုင်းဝန်ကြီးချုပ်အဖြစ် လွှတ်တော်အတည်ပြု

မတ် ၂၃၊၂၀၁၉

နိုင်ငံတော်သမ္မတ အဆိုပြုသည့် တနင်္သာရီတိုင်း ခေတ္တဝန်ကြီးချုပ် ဦးမြင့်မောင်ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန် မတ်လ ၂၂ ရက်က ကျင်းပသည့် တိုင်းလွှတ်တော် အရေးပေါ် အစည်းအဝေးတွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရန် လွှတ်တော်က သဘောတူသည့်အပေါ် ဦးမြင့်မောင်က "တာဝန်ပေးလိုက်တယ်လို့ ကျွန်တော်က ခံယူပါတယ်။ ပေးလိုက်တဲ့တာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျွန်တော် ထမ်းဆောင်ဖို့ ရှိပါတယ်"ဟု ပြောသည်။

ယခင်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာလဲ့လဲ့မော်ကို မတ်လ ၁၀ ရက်တွင် အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးအရေးယူပြီးနောက် နိုင်ငံတော်သမ္မတက တနင်္သာရီတိုင်းအစိုးရအဖွဲ့ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်း



ဓာတ်ပုံ-တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

ရေးဝန်ကြီး ဦးမြင့်မောင်ကို မတ်လ ၁၁ ရက်တွင် ခေတ္တဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ထို့နောက် ၎င်းအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် တိုင်းလွှတ်တော်သို့ မတ်လ ၁၈ ရက်စွဲဖြင့် အမည်စာရင်းပေးပို့ခဲ့သည်။ ထို့အပြင် တိုင်းအစိုးရအဖွဲ့ စီမံဘဏ္ဍာဝန်ကြီးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးကို မတ်လ ၁၉ ရက်တွင် သမ္မတက နုတ်ထွက်ခွင့်ပြုထားသည်။ လစ်လပ်နေသော တိုင်းအစိုးရအဖွဲ့ ဝန်ကြီးနေရာများအတွက် မည်သည့်ပုဂ္ဂိုလ်များကို ခန့်အပ်မည်ဟု ကြိုတင်မှန်းဆထားခြင်းမရှိသော်လည်း ပြည်ထောင်စုအစိုးရနှင့် ပါတီတာဝန်ရှိသူတိုထံမှ အကြံဉာဏ်နှင့် လမ်းညွှန်မှုများ ရယူဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်သစ်က ရှင်းပြသည်။ ဝန်ကြီးချုပ်အသစ်အဖြစ် ခန့်အပ်ခံရသည့် အသက် ၄၆ နှစ်အရွယ် ဦးမြင့်မောင်သည် တနင်္သာရီတိုင်း ဒီချုပ်ပါတီအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးဖြစ်ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် ကော့သောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံထားရသူဖြစ်သည်။

တနင်္သာရီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက ဝန်ကြီးချုပ်ဦးမြင့်မောင်နှင့်ပတ်သက်၍ "အစိုးရအဖွဲ့ထဲမှာလည်း ပူးပေါင်းဆောင်ရွက်မှုအားကောင်းတဲ့ဝန်ကြီးလို့ ပြောလို့ရတယ်"ဟု မှတ်ချက်ပြုထားသည်။

(ကိုးကား- http:// 7daydaily.com )

## ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို မကွေးတိုင်း လွှတ်တော်ကော်မတီဝင်များ ကွင်းဆင်းစစ်ဆေး

မတ် ၂၄၊၂၀၁၉

၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် ဌာနဆိုင်ရာများက တင်ပြထားသည့်လုပ်ငန်းများကို လွှတ်တော်ရေးရာကော်မတီများက ကွင်းဆင်းစစ်ဆေးနေကြောင်း မကွေးတိုင်းလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းကပြောသည်။

ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ရန် တင်ပြထားသော လုပ်ငန်းများသည် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်ရန် သင့်၊ မသင့်နှင့် တင်ပြတောင်းခံထားသည့်ငွေကြေးနှင့် ကိုက်ညီမှုရှိ၊ မရှိ သိရှိနိုင်ရန် မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"ပြည်သူတွေနဲ့ တွေ့ဆုံချင်တာလည်းပါတယ်။ ဒါကြောင့် တွေ့ဆုံပွဲတွေလည်းလုပ်ပြီး ဌာနဆိုင်ရာတွေက တင်ပြတောင်းခံထားတဲ့ လုပ်ငန်းတွေကိုချပြပြီး သူတို့ရဲ့သဘောထားရယူတာတွေလုပ်တယ်။ အဓိကကတော့ နိုင်ငံရန်ပုံငွေနဲ့လုပ်ဆောင်နေတဲ့ ဌာနဆိုင်ရာတွေရဲ့ စီမံကိန်းတွေကို စီမံကိန်းအလွဲအမှားတွေ မဖြစ်စေချင်တော့ဘူး"ဟု ဦးဇော်ဝင်းက ပြောသည်။

မတ်လ ၂၂ ရက်တွင် ကံမမြို့နယ်၊ ၂၃ ရက်တွင် အောင်လံမြို့နယ်တို့သို့ ကွင်းဆင်းလေ့လာခဲ့ပြီး အဖွဲ့နှစ်ဖွဲ့ခွဲကာ မတ်လ ၂၈ ရက်အထိ ကွင်းဆင်းလေ့လာမှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းကော်မတီအဖွဲ့ဝင် ဆင်ပေါင်ဝဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက ပြောသည်။

(ကိုးကား- http://7daydaily.com)

# ဧရာဝတီတိုင်းလွှတ်တော် ဒုဥက္ကဋ္ဌသစ်အဖြစ် ရှေ့နေလွှတ်တော်အမတ်ကို ခန့်အပ်

**မတ် ၁၊၂၀၁၉**

လစ်လပ်နေသည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌနေရာကို အထက်တန်း ရှေ့နေတစ်ဦးဖြစ်သူ ဓနုဖြူမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းထွေးကို ရွေးချယ်ခန့်အပ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ၁၆ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခင်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးစံမင်းအောင်ကို ဧရာဝတီတိုင်း ဒေသကြီးလွှတ်တော်တွင် အသုံးပြုရန် ကား ၅ စီး ဝယ်ယူသည့်ကိစ္စနှင့် ပတ်သက်၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ရာသက်ပန်ထုတ်ပယ်ခံရပြီးနောက် ဒုဥက္ကဋ္ဌရာထူးမှလည်း ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်သွားခဲ့သည့်အတွက် လစ်လပ်နေခဲ့သည့် ဒုဥက္ကဋ္ဌနေရာကို ဓနုဖြူအမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းထွေးအား ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဓနုဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းထွေးက"လွှတ်တော်ကို ဥပဒေတွေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွေနဲ့အညီ တည့်မတ်အောင် ထိန်းကျောင်းသွားမယ်။ နောက်တစ်ခုက ဧရာဝတီလွှတ်တော်က လွှတ်တော်အဆောက်အအုံသစ် ဆောက်လုပ်နေပါတယ်။ အဲဒီတည်ဆောက်ရေးကော်မတီမှာ ကျွန်တော်က ဥက္ကဋ္ဌဆိုတော့ ကျွန်တော်တို့သက်တမ်းအတွင်းမှာ လွှတ်တော်အဆောက်အအုံကို အမြန်ဆုံးပြီးအောင် လုပ်ဆောင်သွားမှာပါ"ဟု ဧရာဝတီကို ပြောသည်။

ရာထူးမှနုတ်ထွက်ခဲ့သည့် ယခင်လွှတ်တော် ဒုဥက္ကဋ္ဌဟောင်း ဦးစံမင်းအောင်မှာ ဥပဒေဘွဲ့ရ အထက်တန်းရှေ့နေတစ်ဦးဖြစ်ပြီး လွှတ်တော်ဒုဥက္ကဋ္ဌသစ်ဖြစ်လာသည့် အသက် ၆၄ နှစ် အရွယ်ရှိ ဦးစန်းထွေးမှာလည်း ဓနုဖြူမြို့မှ အထက်တန်းရှေ့နေတစ်ဦးဖြစ်သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဓနုဖြူမြို့နယ်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်တွင် ခိုင်လုံမဲ ၆၂ ရာခိုင်နှုန်းဖြင့် အနိုင်ရကာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသူဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီ အတွင်းရေးမှူးနှင့် ပြည်သူတို့၏ တင်ပြစာ၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

**(ကိုးကား- The Irrawaddy - Burmese Edition)**

## သတင်းဓာတ်ပုံ



၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့က ကျင်းပခဲ့သော ADB ချေးငွေဖြင့် ရန်ကုန်-ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း Public Consultation Meeting သို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ တက်ရောက်ခဲ့ကြောင်း သိရသည်။
(ဓာတ်ပုံ- ပဲခူးလွှတ်တော်ဖေ့စ်ဘွတ်ခ်)

# မွန်ပြည်နယ်အစိုးရရုံးရှိ နာရီစင်ကို လုံခြုံရေးအရ လေ့လာခွင့်မပြု



မတ် ၅၊ ၂၀၁၉

မွန်ပြည်နယ်အတွင်းရှိ ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံများကို အနီးကပ်လေ့လာခွင့်ရရန် ဆောင်ရွက်ပေးမည်ဖြစ်သော်လည်း ပြည်နယ်အစိုးရရုံးအတွင်းရှိ နာရီစင်ကို လုံခြုံရေးအရ လေ့လာခွင့်ပြုမည်မဟုတ်ကြောင်း မွန်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က ဖေဖော်ဝါရီ ၂၈ ရက်က ပြောကြားခဲ့သည်။

ပြည်နယ်အတွင်း ကိုလိုနီခေတ်အဆောက်အအုံများစွာ ကျန်ရှိနေသော်လည်း မော်လမြိုင်မြို့ရှိ သစ်တောဦးစီးရုံးနှင့် စတုတ္ထသမီးတော်အဆောက်တို့သည် ကန့်သတ်နယ်မြေဖြစ်သည့်အတွက် လည်ပတ်လေ့လာမည်ဆိုပါက မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းရန်လိုအပ်ကြောင်း ဆက်လက်ပြောသည်။

"မွန်ပြည်နယ်အတွင်းက ကိုလိုနီအဆောက်အအုံတချို့ကို အနီးကပ်လေ့လာခွင့် ပေးဖို့ကတော့ ဆောင်ရွက်ပေးနိုင်ပေမယ့် တချို့အဆောက်အအုံတွေက ကန့်သတ်နယ်မြေတွေ ဖြစ်နေတယ်၊ အစိုးရအဖွဲ့ရုံးက နာရီစင်ကတော့ လုံခြုံရေးအရ လုံးဝခွင့်ပြု ပေးလို့မရပါဘူး"ဟု ၎င်းက ပြောသည်။

ကျန်ရှိနေသော ကိုလိုနီအဆောက်အအုံအချို့ကို ခရီးတိုအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနဖြစ်သော ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ အဆောက်အအုံများနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်ကို ပြုစုပေးရမည်ဖြစ်ကြောင်း ဆက်လက်ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရှေးဟောင်းအဆောက်အအုံများကို လည်ပတ်လေ့လာခွင့်ပြုပါက ပြည်တွင်းခရီးသွားလုပ်ငန်းအတွက် အကျိုးရှိမည်သာမက ဝင်ငွေလည်း ရရှိလာမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ (သထုံ- ၁) က ပြောသည်။

"ခရီးသွားအဖွဲ့တွေက ဘယ်နေရာကို ခရီးတိုသွားချင်တယ်ဆိုပြီး ဆွဲတာထက် ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဌာနတွေက မွန်ပြည်နယ်မှာတော့ ဘယ်နေရာ၊ ဘယ်အဆောက်အအုံတွေကို လေ့လာခွင့်ပြုထားတယ်ဆိုပြီးတော့ အရင်ချပြပေးသင့်ပါတယ်"ဟု ၎င်းကပြောသည်။

မော်လမြိုင်မြို့သည် ၁၈၂၇ ခုနှစ်ကတည်းက အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သောကြောင့် ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံများစွာ ကျန်ရှိခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုကို ပြသနိုင်သောလက်ရာများစွာရှိကြောင်း ဆက်လက်ပြောသည်။

ပြည်နယ်အစိုးရရုံးဝင်းအတွင်းရှိ နာရီစင်မှာ အင်္ဂလန်ဘုရင် Edward VII အား ဂုဏ်ပြုသည့်အနေဖြင့် ၁၉၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အစောဆုံး စတင်ဆောက်လုပ်ခဲ့သော အဆောက်အအုံတစ်ခုဖြစ်ကြောင်း သိရသည်။

**(ကိုးကား- ဟသ်ာမီဒီယာ )**

## သတင်းတို

- သထုံမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ တင်သွင်းခဲ့သော မော်လမြိုင်တက္ကသိုလ်တွင်ဘွဲ့ရပြီးသော လူငယ်များအတွက် ဘွဲ့လွန်သင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း တိုက်တွန်းသည့်အဆိုကို အတည်ပြုခဲ့သည်ဟု သိရသည်။ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ယင်းအဆိုသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ ပြည်ထောင်စုနှင့်သာ သက်ဆိုင်ကြောင်း တင်ပြသော်လည်း လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိက ပြည်နယ်လွှတ်တော်တွင် ဆက်လက်ဆွေးနွေးစေခဲ့ပြီး အဆိုကိုမဲခွဲဆုံးဖြတ်ရာတွင် အတည်ပြုသူ (၁၂) ဦး၊ မှတ်တမ်းတင်ရန် (၈) ဦး၊ ကြားနေသူ (၇) ဦးဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။
**(ကိုးကား- www.facebook.com/thanlwintimes/ www.7daydaily.com )**

- မန္တလေးတိုင်းလွှတ်တော်မှ ဥပဒေများ လေ့လာသုံးသပ်ပြင်ဆင်ရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းရန် တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဖေဖော်ဝါရီ ၁၈ ရက် လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့သည်။ ယင်းကော်မတီကို တိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်နိုင်ရန်နှင့် ဥပဒေကြမ်းများရေးဆွဲနိုင်ရန် ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။
**(ကိုးကား-http://www.7daydaily.com)**